***နိုင်ငံတကာ လုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်များဆိုင်ရာ သင်တန်းလက်စွဲ***

## အပိုင်း ၃ အခန်း ၄ - တဦးခြင်း ပြစ်မှုဆိုင်ရာ တာဝန်ရှိမှု

ဖြစ်ရပ်မှန်ဇာတ်ညွှန်းအတွက် လေ့ကျင့်ခန်း

နိုင်ငံတကာ **ရာဇဝတ်**မှု**/**ပြစ်မှုများ၏ အင်္ဂါရပ်များကို သိရှိမှတ်သားခြင်း

သင်၏အဖွဲ့သည် စာမိလဲန်းဒ် (Samiland)နိုင်ငံ ရှိ ဒေသခံ အစိုးရမဟုတ်သည့် အဖွဲ့အစည်း (NGO) တခုထံမှ သတင်းလက်ခံရရှိသည်မှာ အီးဂူး Egue လူမျိုးစုဝင် အမျိုးသမီးနှင့် မိန်းကလေး ၁၂ ဦးသည် ၂၀၁၇ ခုနှစ် နွေဦးရာသီတွင် ပြောက်ကျားဝတ်စုံ နှင့် အရပ်ဝတ်များ ဝတ်ဆင်ထားသည့် အမျိုးသားများမှ အဓမ္မဖမ်းဆီးခေါ်ဆောင်ခံခဲ့ကြရကြောင်းကို ၎င်းအမျိုးသမီး နှင့် မိန်းကလေးများက ၎င်းတို့အား တိုင်ကြားခဲ့ကြောင်းဖြစ်သည်။ အဆိုပါ အမျိုးသားများသည် အမျိုးသမီးများနှင့် မိန်းကလေးများ ပုန်းခိုနေသည့် တဲအိမ်များအားလုံးကို မီးတင်ရှို့ပြီး ၎င်းတို့ကို တောင်ကုန်းများပေါ် ရှိအိမ်တလုံးသို့ခေါ်ဆောင်သွားခဲ့သည်။ အဆိုပါအမျိုးသမီးများ၏ ခင်ပွန်းများ နှင့် မိသားစုများမှာ တိုက်ခိုက်မှုအတွင်း အသတ်ခံရခြင်း သို့မဟုတ် အနီးရှိ အာလီဘီရူ Aliberu နိုင်ငံ သို့ နိုင်ငံ ၂ ခုကို ပိုင်းခြားထားပြီး ဖြတ်၍ စီးဆင်းနေသည့် မြစ်ကိုကူးဖြတ်ကာ ထွက်ပြေးလွတ်မြောက်ခဲ့ပြီး၊ မြစ်ကိုကူးဖြတ်ရန် ကြိုးစားခဲ့စဉ် လူအမြောက်အများ ရေနစ်သေဆုံးခဲ့ကြရသည်။

အမျိုးသမီးများနှင့် မိန်းကလေးများကို အိမ်တလုံးအတွင်း ချုပ်နှောင်ထားရှိပြီး မကြာခဏဆိုသကဲ့သို့ အခန်းတခုထဲတွင် သော့ခတ် ပိတ်လှောင်ထားသည် သို့မဟုတ် ကြမ်းပြင်နှင့် လူကိုသံကြိုးတွဲခတ်ကာ အချိန်ကာလ ၂ ပတ်မျှကြာသည့်အထိ ချည်နှောင်ထားခဲ့သည်။ ၎င်းအမျိုးသမီးများနှင့်

မိန်းကလေးများကို အဆိုပါ လက်နက်ကိုင်အမျိုးသားများအတွက် ချက်ပြုတ်ပေးရန် နှင့် သန့်ရှင်းရေးပြုလုပ်ရန် စေခိုင်းခံခဲ့ကြရသည်။ ၎င်းအမျိုးသမီးများသည် ညစဉ် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်စော်ကားခံခဲ့ကြရပြီး၊ တခါတရံတွင် အမျိုးသားတဦးထက်မက က မုဒိမ်းပြုကျင့်မှု ကိုခံခဲ့ရသည်။

**Tesha**

**တီရှာ**

တီရှာ သည် အသက် ၁၈ နှစ်ရှိပြီး စာမတတ်ဘဲ၊ အလွန်သေးငယ်သည့်ကလေးငယ်၏ မိခင်တဦးဖြစ်သည်။ အစိုးရမဟုတ်သောအဖွဲ့အစည်း NGO ၏ အစီရင်ခံစာများအရ၊ တီရှာကို စာမိလဲန်းဒ် (Samiland)နိုင်ငံရှိ အိုနာခရို Onakro ဟုခေါ်သည့် စခန်းနေရာတခုမှ၊ အခြားသူများနှင့်အတူ၊ "ထူးဆန်းသည့် ဘာသာစကား" ပြောဆိုသည့် လက်နက်ကိုင်အမျိုးသားများမှ အဓမ္မဖမ်းဆီးခေါ်ဆောင်ခဲ့ကြသည်။ တီရှာသည်၊ သူမ၏ ကျေးရွာကို အသစ်စက်စက်ရွေးချယ်တင်မြောက်ခံခဲ့ရသည့် သမ္မတ အာထိုဘို Atobo ၏ ထောက်ခံသူ အင်န်ဂေါ် Angor လူမျိုးစုများမှ တိုက်ခိုက်ခံရစဉ် အိုနာခရို စခန်းနေရာသို့ ၎င်း၏မိသားစုနှင့်အတူ ထွက်ပြေးလွတ်မြောက်လာခဲ့ကြသည်ဟု ဆိုသည်။ အီးဂူး Egue လူမျိုးများ နေသည့် စာမိလဲန်းဒ် Samiland နိုင်ငံ၏ အနောက်ဖက်ခြမ်းသည် ကိုကိုးပင်စိုက်ခင်းများနှင့် ကြွယ်ဝချမ်းသာလျက်ရှိကြပြီး ၎င်းတို့သည် အများစုအားဖြင့် ထိုဒေသ ဇာတိ ဖြစ်သူ ယခင်သမ္မတဟောင်း ဘိုဘာကာလို Bobacalo ၊ ကို ထောက်ခံသူများဖြစ်ကြသည်။ သမ္မတ အာထိုဘို Atobo ၏ ညာလက်ရုံး၊ ယခု ကြည်းတပ်အကြီးအကဲ ဗိုလ်ချုပ်ကြီး ဒီဘီ General Dibe မှ စာမိလဲန်းဒ် Samiland နိုင်ငံ၏ အနောက်ဖက်ခြမ်းသို့ တပ်များစေလွှတ်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ် စတင်သည့်အချိန်မှစ၍ ဒေသခံလူထုကို အကြမ်းဖက် ခြိမ်းခြောက်မှုများပြုလုပ်ခဲ့သည်။

တီရှာသည် အိမ်တလုံးအတွင်း၌ ၉ လကြာ ချုပ်နှောင်ထားခံခဲ့ရသည်ဟုဆိုပြီး သူမသည် ချက်ပြုတ်ခြင်းနှင့်၊ လက်နက်များ နှင့် လက်နက်ကိုင်အမျိုးသားများ၏ ဘွတ်ဖိနပ်များကို သန့်ရှင်းရေးလုပ်ရန် စေခိုင်းခံရပြီး၊ တခါတရံတွင် လုံး၀ အ၀တ်ဗလာဖြင့် ကိုယ်လုံးတီးနှင့် ဖြစ်သည်။ ထိုအချိန်ကာလများတွင်၊ သူမသည် ကြိမ်ဖန်များစွာ မုဒိန်းကျင့်ခံခဲ့ရသည် နှင့် အခြားတနည်းတဖုံအားဖြင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုကိုခံခဲ့ရသည်။ အချိန်ကြာလာသည့်အခါတွင် အခြားသူများက “တပ်မှူး” “Commander” ဟုခေါ်သည့် တီရှာကို ပုံမှန် မုဒိမ်းကျင့်နေသူ အမျိုးသားတဦးက သူမကို တွေ့ဆုံပွဲများသို့ခေါ်ဆောင်သွားပြီး အ၀တ်အစားကောင်းများနှင့် လိုအပ်သည်များကို ၀ယ်ပေးခဲ့သည်။ သူသည် တီရှာကို အခြားလက်နက်ကိုင်အမျိုးသားများ၏ မုဒိန်းကျင့်ခြင်းများမှလဲ ကာကွယ်ခဲ့သည်။

ထိုနိုင်ငံတွင်းရှိ အဆိုပါ အစိုးရမဟုတ်သည့် အဖွဲ့အစည်း NGO ၏ အစီရင်ခံစာများအရ၊ အားလုံး ပြီးဆုံးသွားပါက မည်သည့် ရွာတွင် နေထိုင်လိုကြောင်း အမျိုးသားများမှပြောဆိုနေသည်ကို သူမကြားခဲ့ရသည်ဟုဆိုသည်။ တခုသောည တစ်ညတွင်၊ “ဒီ အီးဂူး Egue ခွေးတွေကို ဖိခြေပစ်ပြီး သူတို့ရွာတွေအားလုံးကို မီးရှို့ပစ်မယ်” ဟူ၍ “တပ်မှူး” ပြောသည်ကို သူမ ကြားခဲ့ရသည်ဟုဆိုသည်။

တီရှာသည် အဆိုပါဒေသအတွင်းတိုက်ခိုက်မှုများမှ တောင်ကုန်းများပေါ် ရှိအိမ်ကို တိုက်ခိုက်မှုတခုအတွင်း ထွက်ပြေးလွတ်မြောက်ခဲ့ပြီး၊ ရက်သတ္တပတ် ၆ ပတ်ကြာတိုင် ထွက်ပြေးပုန်းရှောင်နေခဲ့ရသည်။ သူမသည် မြစ်ကို ဖြတ်ကူးနိုင်ခဲ့ပြီး အာလီဘီရှသို့ ရောက်ရှိလာခဲ့သည်။ တီရှာသည် ယခုအခါ အာလီဘီရှ ရှိ ဒုက္ခသည်စခန်းတခုတွင် နေထိုင်လျက်ရှိသည်။

သင်၏စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဤဒုက္ခသည်စခန်းအတွင်း လူတွေ့မေးမြန်းမှုများပြုလုပ်ရန် ခွင့်ပြုမိန့်ရရှိခဲ့သည်။ တီရှာထံတွင် နောက်ထပ် မည်သည့် သတင်းအချက်အလက်များ ရှိနေနိုင်သည်ကိုစဉ်းစားရန် နှင့် သင့်အနေဖြင့် သူမကို မှန်ကန်သည့်မေးခွန်းများကို နည်းလမ်းမှန်ကန်စွာဖြင့် မေးမြန်းပြီး သူမထံမှသတင်းအချက်အလက်များကို သင့်ထံသို့မျှဝေပေးစေရန် မည်သို့ပြုလုပ်မည်နည်းဆိုသည်ကို စဉ်းစားရန်ဖြစ်သည်။

## <u>နိုင်ငံတကာ **ရာဇဝတ်မှု/**ပြစ်မှုများ၏ အင်္ဂါရပ်များ လေ့ကျင့်ခန်း</u>

သင်သည် စုံစမ်းစစ်ဆေးသူများ/သက်သေခံမှတ်တမ်းတင်သူများ အဖွဲ့ တခုမှဖြစ်ပြီး၊ စာမီလဲန်း နိုင်ငံတွင် လွန်ခဲ့သော ၄ နှစ်က ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များနှင့်သက်ဆိုင်၍ ဖြစ်ရပ်မှန် ရှာဖွေရန် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ဤလေ့ကျင့်ခန်းတွင် သက်သေခံအထောက်အထားနှင့် နိုင်ငံတကာ ရာဇဝတ်မှု/ပြစ်မှုများ၏ အင်္ဂါရပ်များ (အခြေခံသဘောတရားများ) ကို အာရုံစိုက်ထားသည်။

ဤလေ့ကျင့်ခန်း၏ရည်ရွယ်ချက်မှာ၊ သင့်အနေဖြင့် တီရှာနှင့် ဖြစ်နိုင်ဖွယ်ရာဟုမှန်းဆရသော လူတွေ့မေးမြန်းခြင်းတခုကို ပြုလုပ်ခဲ့ပြီးဖြစ်သည်ဟု စဉ်းစားကြည့်ပါ။ တီရှာထံမှ သတင်းအချက်အလက်/သက်သေခံအထောက်အထားကို သင့်အနေဖြင့် ဤ ဖြစ်နိုင်ဖွယ်ရာဟုမှန်းဆရသော လူတွေ့မေးမြန်းခြင်းမှ ထိုက်သင့်သလောက် ရရှိထားကာ၊ ဤသတင်းအချက်အလက်/သက်သေခံချက်များကို သက်သေခံ အထောက်အထား လေ့ကျင့်ခန်း လက်စွဲစာအုပ် (နောက်ဆက်တွဲ ၁) တွင် ပါရှိသည့်အတိုင်း စနစ်တကျ စီစဉ်ရန် လိုအပ်လာသည်။

သင် နှင့် တီရှာ၏ ဖြစ်နိုင်ဖွယ်ရာဟုမှန်းဆရသော လူတွေ့မေးမြန်းခြင်းမှ ရရှိလာခဲ့သော တီရှာ၏ ထွက်ဆိုချက်မှ သက်သေခံအထောက်အထားကို သင်မှ စုံစမ်းစစ်ဆေးရေးအဖွဲ့ ၏ ဥက္ကဌ နှင့် အခြားခေါင်းဆောင်များထံ တင်ပြရန်အတွက် ရှင်းလင်းတင်ပြပုံ အခြေခံများကို ပုံစံချရန်ဖြစ်ပြီး ၎င်းတို့မှ သင်၏သုံးသပ်ချက်ကို စစ်ဆေးမည်ဖြစ်သည်။

တီရှာကို လူတွေ့မေးမြန်းရာတွင်၊ သင်၏အဖွဲ့သည် သက်သေခံအထောက်အထား လေ့ကျင့်ခန်း လက်စွဲစာအုပ်ကို အသုံးပြုခဲ့မည်ဖြစ်ပြီး ဤသည်မှာ ပြစ်မှုများကို အမှန်တကယ် ကျူးလွန်ခဲ့သည်ဟု သင်မှယုံကြည်သဖြင့် သင်စုဆောင်းခဲ့သော သက်သေခံအထောက်အထားသည် ပြစ်မှုများ၏ အင်္ဂါရပ်များအားလုံးဖြစ်သော အသေးစိတ်သတ်မှတ်ချက်တိကျမှု၊ သာမန်တွေ့မြင်နေကျဖြစ်ခြင်း၊ နှင့် ဆက်စပ်အင်္ဂါရပ်များ/ နည်းလမ်းများ အပါအဝင်၊ အားလုံးဖြင့်ကိုက်ညီသဖြင့် ပြစ်မှုမြောက် တာဝန်ရှိစေရန်ဖြစ်သည်။ <u>ဤလေ့ကျင့်ခန်းမှ ရှာဖွေတွေ့ရှိချက်များသည် အထက်ဖော်ပြပါ သတင်းအချက်အလက် နှင့် တီရှာ၏ ဖြစ်နိုင်ဖွယ်ရာဟုမှန်းဆရသော ထွက်ဆိုချက် နှင့် သူမအနေဖြင့် သင်၏ လူတွေ့မေးမြန်းမှုတွင် သားကောင်တယောက် အဖြစ်သော်လည်းကောင်း နှင့် သက်သေတဦးအဖြစ်သော်လည်းကောင်း၊ ပေးစွမ်းနိုင်ခဲ့သည့် သက်သေခံအထောက်အထားအပေါ် လုံးဝအခြေခံရမည်ဖြစ်သည်။</u>

သင်သည် အုပ်စု ၃ ခု ခွဲပြီး၊ သင်၏ရှာဖွေတွေ့ရှိချက်များကို ပြင်ဆင်ရန် အချိန် မိနစ် ၉၀ ရသည်။ အဖွဲ့တခုစီသည် နိုင်ငံတကာ ရာဇဝတ်မှု/ပြစ်မှုတခု၏ အသေးစိတ်သတ်မှတ်ချက်တိကျမှု၊ သာမန်တွေ့မြင်နေကျဖြစ်ခြင်း၊ နှင့် ဆက်စပ်အင်္ဂါရပ်များ အားဖြင့် ကိုက်ညီသည့် သက်သေခံ အထောက်အထားကို ရှာဖွေဖော်ထုတ်ရန် ဦးဆောင်ရမည်ဖြစ်သည်။ အဖွဲ့တခုစီသည် နိုင်ငံတကာ ရာဇဝတ်မှု/ပြစ်မှုတခု ၊ အသေးစိတ်တိကျသတ်မှတ် အမျိုးအစားဖြစ်သည့်ပြစ်မှုတခု နှင့်

အသေးစိတ်တိကျသတ်မှတ် တာဝန်ရှိမှု နည်းလမ်းတခု တို့ကို ရွေးချယ်ရန် သို့မဟုတ် တာဝန်ချထားမည်ဖြစ်သည်။ အုပ်စုများသည် ၎င်းတို့၏ ရှာဖွေတွေ့ရှိချက်များကို တင်ပြရှင်းလင်းရမည်ဖြစ်ပြီး အထူးတာဝန်အဖွဲ့ ခေါင်းဆောင်များမှ မေးခွန်းမေးမြန်းမှုများကို ရှေ့နေလိုက် ကာကွယ်ထောက်ခံ ဖြေကြားရန် ဖြစ်သည်။ တင်ပြရှင်းလင်းမှု နှင့် ရပ်တည်ကာကွယ်ထောက်ခံဖြေကြားမှုအတွက် အချိန် ၁၀ မိနစ် ရမည်ဖြစ်သည်။

ယခုလေ့ကျင်ခန်း၏ အခြေခံရည်ရွယ်ချက်မှာ ဤကဲ့သို့သောသက်သေခံအထောက်အထား (ဖြစ်ရပ် အချက်အလက်များ facts) များဖြင့် သီးခြားပြစ်မှုများ၏ အင်္ဂါရပ်များအပေါ်သက်သေပြသည့် သင်၏နားလည်သဘောပေါက်မှုကို ပြသရန်ဖြစ်သည်။ နောက်ထပ်အကျိုးကျေးဇူးမှာ အုပ်စုတခုခြင်းစီကို ၎င်းတို့၏ရှာဖွေတွေ့ရှိချက်များ နှင့် သုံးသပ်ချက်များအား စိန်ခေါ်မည့် အခြေအနေများတွင် ရပ်တည် ကာကွယ် ထောက်ခံပေးနိုင်သည့် အခွင့်အရေးပေးထားသည်။

## ၁။ ငုတ်နေသည့် အောက်ခြေပြစ်မှု/နောက်ခံပြစ်မှုများ၏ အသေးစိတ် တိကျ သတ်မှတ် အင်္ဂါရပ်များ

နိုင်ငံတကာ ဥပဒေ အောက်တွင် မည်သည့် ပြစ်မှုများသည် ဤ ဖြစ်ရပ်မှန် အချက်အလက်များနှင့် ဆက်စပ်သက်ဆိုင်သည်ဟု သင်ထင်ပါသည်နည်း?

ကျေးဇူးပြုပြီး ဤပြစ်မှုများမှ ပြစ်မှုတခုကို ရွေးချယ်ပြီး၊ မည်သည့် သက်သေခံ အထောက်အထားသည် ဤပြစ်မှုမြောက်ခြင်းအတွက် အင်္ဂါရပ် (အခြေခံသဘောတရား) တခုချင်းစီနှင့် သက်သေထူနိုင်ကြောင်း ရှာဖွေဖေါ်ထုတ်ရန်။ သတိရရန်မှာ ကျွန်ုပ်တို့သည် စိတ်မှန်းအနာဂတ်ဖြစ်နိုင်ခြေ ဇာတ်ညွှန်းတခု မှ ဖြစ်ရပ်မှန်များကို ရှာဖွေနေခြင်းဖြစ်သည် သို့မဟုတ် သင်မှ သားကောင်/သက်သေ ကို လူတွေ့မေးမြန်းစဉ် သင့်ကို တိုင်ကြားခဲ့သည့်/ ပြောကြားခဲ့သည့်

အချက်အလက်များ အပေါ် တွင် အဖြစ်မှန်ကို ရှာဖွေနေခြင်းဖြစ်ကြောင်း၊ *သူမထံမှ အဖြစ်မှန်အချက်အလက်များ နှင့်/သို့မဟုတ် စိတ်မှန်းအနာဂတ်ဖြစ်နိုင်ခြေ ဇာတ်ညွှန်းမှ ဖြစ်ရပ်မှန်အချက်အလက်များသည် သက်သေခံအထောက်အထားများဖြစ်သည်။* သင့်အနေဖြင့် ဤသက်သေခံအထောက်အထားကိုရရန် သူမကို မည်သည့် မေးခွန်းများမေးခဲ့မည်ဆိုသည်ကို စဥ်းစားပါ။

## ၂။ ပြစ်မှုအမျိုးအစား၏ သာမန်မြင်တွေ့နေကျဖြစ်သော အင်္ဂါရပ်များ

နိုင်ငံတကာ ရာဇဝတ်မှု/ပြစ်မှုများ၏ မည်သည့်အမျိုးအစားများသည် ဤ ဖြစ်ရပ်မှန်အချက်အလက်များနှင့် ဆက်စပ်သက်ဆိုင်မှု ရှိသည်ဟု သင်ထင်မြင်ယူဆပါသည်နည်း?

(စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ပြစ်မှုများ၊ သို့မဟုတ် လူအစုအပြုံလိုက်သတ်ဖြတ်ခြင်း) တို့မှ အမျိုးအစားတခုကို ကျေးဇူးပြု၍ ရွေးချယ်ပြီး နှင့် တက်ရှာ၏ သက်သေခံထွက်ဆိုအချက်အလက်မှနေ၍ ရွေးချယ်သည့် ပြစ်မှုအမျိုးအစားတွင် မည်သည့်အင်္ဂါရပ်တခုချင်းစီနှင့် ကိုက်ညီမည်ကို ရှာဖွေဖေါ်ထုတ်ရန်ဖြစ်သည်။ သတိရရန်မှာ ကျွန်ုပ်တို့သည် စိတ်မှန်းအနာဂတ်ဖြစ်နိုင်ခြေ ဇာတ်ညွှန်းတခု မှ ဖြစ်ရပ်မှန်များကို ရှာဖွေနေခြင်းဖြစ်သည် သို့မဟုတ် သင်မှ သားကောင်/သက်သေ ကို လူတွေ့မေးမြန်းစဉ် သင့်ကို တိုင်ကြားခဲ့သည့် အချက်အလက်များ အပေါ် တွင် အဖြစ်မှန်ကို ရှာဖွေနေခြင်းဖြစ်ကြောင်း၊ *သူမထံမှ အဖြစ်မှန်အချက်အလက်များ နှင့်/သို့မဟုတ် စိတ်မှန်းအနာဂတ်ဖြစ်နိုင်ခြေ ဇာတ်ညွှန်းမှ ဖြစ်ရပ်မှန်အချက်အလက်များသည် သက်သေခံအထောက်အထားများဖြစ်သည်။* သင့်အနေဖြင့် ဤသက်သေခံအထောက်အထားကိုရရန် သူမကို မည်သည့် မေးခွန်းများမေးခဲ့မည်ဆိုသည်ကို စဥ်းစားပါ။

<u>၃။ တာဝန်ရှိမှုဆိုင်ရာ/ဆက်စပ် အင်္ဂါရပ်များ</u>

တက်ရှာမှ မည်သည့် သက်သေခံထွက်ဆိုအချက်အလက်သည် တာဝန်ရှိမှုဆိုင်ရာ နည်းလမ်းအားဖြင့် အာထိုဘို၏ ကြည်းတပ်အကြီးအကဲ ဗိုလ်ချုပ်ကြီး ဒီဘီ အား တာဝန်ခံမှုရှိစေရမည်နည်းဆိုသည်ကို ကျေးဇူးပြုပြီး ရှာဖွေဖေါ်ထုတ်ပါ။ တာဝန်ရှိမှုဆိုင်ရာ နည်းလမ်းတခုကို ရွေးချယ်ပါ။ (အမိန့်အပေါ် တာဝန်ရှိမှု၊ သို့မဟုတ် အမိန့်ပေးညွှန်ကြားခြင်းအတွက်) သတိရရန်မှာ ကျွန်ုပ်တို့သည် စိတ်မှန်းအနာဂတ်ဖြစ်နိုင်ခြေ ဇာတ်ညွှန်းတခု မှ ဖြစ်ရပ်မှန်များကို ရှာဖွေနေခြင်းဖြစ်သည် သို့မဟုတ် သင်မှ သားကောင်/သက်သေ ကို လူတွေ့မေးမြန်းစဉ် သင့်ကို တိုင်ကြားခဲ့သည့် အချက်အလက်များ အပေါ် တွင် အဖြစ်မှန်ကို ရှာဖွေနေခြင်းဖြစ်ကြောင်း၊ *သူမထံမှ အဖြစ်မှန်အချက်အလက်များ နှင့်/သို့မဟုတ် စိတ်မှန်းအနာဂတ်ဖြစ်နိုင်ခြေ ဇာတ်ညွှန်းမှ ဖြစ်ရပ်မှန်အချက်အလက်များသည် သက်သေခံအထောက်အထားများဖြစ်သည်။* သင့်အနေဖြင့် ဤသက်သေခံအထောက်အထားကိုရရန် သူမကို မည်သည့် မေးခွန်းများမေးခဲ့မည်ဆိုသည်ကို စဉ်းစားပါ။

သက်သေခံအထောက်အထားလေ့ကျင့်ခန်း စာအုပ်ကို လမ်းညွှန်အဖြစ် အသုံးပြုပါ။ သင့်အနေဖြင့် အချက်အလက်မှန်များကို ပြောင်းလဲ၍မရသော်လည်း၊ ယခုလေ့ကျင့်ခန်း၏ရည်ရွယ်ချက်အတွက် သင်မှ ၎င်းတို့အပေါ် ထိုက်သင့်သလို အကျိုးသင့်အကြောင်းသင့် ဖြည့်စွက်နိုင်သည်။